## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အသိပေးကြေညာခြင်း

၁။ ဒက္ခိဏသီရိမြို့ရှိ ပေ(၈၀×၈၀) မြေကွက်(၁၉၇)ကွက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားမည်သူမဆို အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြေကွက်(၁)ကွက်လျှင် မြေတန်ဖိုးငွေကျပ်(၂၅၀)သိန်းနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း (၁၈ - ၁၁ - ၂၀၁၉) ရက်နေ့နှင့် ( ၂၅ - ၁၁ - ၂၀၁၉)ရက်နေ့များတွင် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်လည်းကောင်း၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၏ Website www.nptdc.gov.mm နှင့် nptdc Webportal နေပြည်တော်စည်ပင်သာယာရေး ကော်မတီ Facebook Page တို့တွင်လည်းကောင်း အများပြည်သူများ သိရှိနိုင်ရန် ကြေညာခဲ့ရာ (၁-၁၂-၂၀၁၉)ရက်နေ့မှ (၃၀-၁၂-၂၀၁၉)ရက်နေ့အထိ မြေကွက်ဝယ်ယူခွင့် လျှောက်ထားသူပေါင်း (၃၂၇)ဦးရှိခဲ့ပါသည်။

၂။ မြေကွက်ဝယ်ယူခွင့် လျှောက်ထားသူ(၃၂၇)ဦး၏ အမည်စာရင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Website www.nptdc. gov.mm နှင့် nptdc Webportal နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အမည်စာရင်းတွင် ပါဝင်ခြင်းမရှိသည့် မြေကွက်လျှောက်ထားသူများရှိပါက မူလလျှောက်ထားခဲ့သည့် အထောက်အထားနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၈-၁-၂၀၂၀)ရက်နေ့နောက်ဆုံးထား၍ တင်ပြ လျှောက်ထားနိုင်ပါသည်။

၃။ မြေကွက်လွတ်(၁၉၇)ကွက်အား ဒက္ခိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူးတို့၏ ရှေ့မှောက်တွင် မဲစနစ်ဖြင့် နေရာချထားခြင်းကို (၁၀ - ၁ - ၂၀၂၀)ရက်နေ့(သောကြာနေ့)နံနက်(၁၀:၀၀)နာရီအချိန်မှ စတင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မဲနှိုက်ခြင်းအစီအစဉ်ကို မြေကွက်လျှောက်ထားသူများမှ စိတ်ဝင်စားသူများ မင်္ဂလာခန်းမသို့ လာရောက်ကြည့်ရှုနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၄။ အဆိုပါ အစီအစဉ်အား လာရောက်ကြည့်ရှုနိုင်ခြင်းမရှိသူများအတွက်လည်း မဲနှိုက်စနစ်ဖြင့် မြေကွက်နေရာချထားမှု အစီအစဉ်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ nptdc Webportal နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တွင် Live ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပါသဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၅။ ပထမအကြိမ်မြေကွက် (၁၉၇)ကွက်အား မဲစနစ်ဖြင့် နေရာချထားရာတွင် မဲမပေါက်သူများအတွက် ဒုတိယအကြိမ် မြေကွက်များထပ်မံရောင်းချမည့် အစီအစဉ်တွင် ထည့်သွင်းပေးမည်ဖြစ်ပါကြောင်းနှင့် ယင်းအစီအစဉ်အား ကြိုတင်ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ